# POSITION PAPER #1

## ဘဏ်၏ ဘုတ်အဖွဲ့များအနေဖြင့် သဘာဝပတ်ဝန်းကျင်၊ လူမှုနှင့် စီမံအုပ်ချုပ်မှုကဏ္ဍ (Environmental, Social and Governance) ကို မည်ကဲ့သို့ ချဉ်းကပ်နိုင်သနည်း။

> အရေးကြီးသည်ဟု ထင်မှတ်ထားသော အရာများသည် အမှန်တကယ် လက်တွေ့တွင် အရေးမကြီးနိုင်သကဲ့သို့ အရေးမကြီးဟုထင်မှတ်ထားသော အရာများသည် အမှန်တကယ်တွင် အရေးကြီးနေနိုင်သည်။
>
> **William Bruce Cameron**

## အကျဉ်းချုပ်

- ဘဏ္ဍာရေးအဖွဲ့အစည်းများသည် ကဏ္ဍအသီးသီးရှိ စီးပွားရေးလုပ်ငန်းများကို ဘဏ္ဍာငွေထောက်ပံ့သည့်အပြင် စားသုံးသူ သို့မဟုတ် သုံးစွဲသူများအား ငွေကြေးဝန်ဆောင်မှုများ ပေးခြင်းဖြင့် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ထိုကဲ့သို့ လုပ်ဆောင်ခြင်းဖြင့် ၎င်းတို့သည် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းနှင့် ဆန်းသစ်တီထွင်မှုကို မြှင့်တင်ပေးပြီး ပိုမိုကောင်းမွန်သော လူ့အဖွဲ့အစည်းများအား တည်ဆောက်ရာတွင် ကူညီပေးပါသည်။
- ယနေ့ခေတ်တွင် နိုင်ငံသားများ၊ စားသုံးသူ သို့မဟုတ် သုံးစွဲသူများ၊ ဝန်ထမ်းများနှင့် ငွေကြေးအရင်းအနှီး ထောက်ပံ့ပေးသူများ (Capital provider) ပင်လျှင် ကော်ပိုရိတ်များအနေဖြင့် အမြတ်အစွန်းကိုသာ အာရုံမစိုက်ဘဲ အစုရှယ်ယာရှင်များနှင့် အကျိုးသက်ဆိုင်သူများကိုပါ အကျိုးရှိစေမည့် တန်ဖိုးများ ဖန်တီးနိုင်သော ရှင်းလင်းတိကျသည့် ရည်ရွယ်ချက်ရှိရန် မျှော်လင့်ကြပါသည်။ ပိုမိုစိမ်းလန်းပြီး အလုံးစုံပါဝင်နိုင်သော လူ့အဖွဲ့အစည်းများဆီသို့ အသွင်ကူးပြောင်းရေးကို ပံ့ပိုးကူညီရန် ဘဏ်များနှင့် အရင်းအနှီးဈေးကွက်များအတွက် ၎င်းတို့၏ ဆုံးရှုံးနိုင်ခြေများအား အကဲဖြတ်ခြင်းနှင့် အရင်းအနှီးများ မြှုပ်နှံခြင်း အလေ့အကျင့်တို့ကို အသွင်ကူး၊ ပြောင်းလဲစေနိုင်သည့် စည်းမျဉ်းများကို ကမ္ဘာတစ်ဝှမ်းရှိ စည်းမျဉ်းစည်းကမ်း ဖော်ဆောင်သူများ၊ ကြပ်မတ်ကွပ်ကဲသည့် အဖွဲ့အစည်းများက သတ်မှတ်ရန် ကြိုးပမ်းလျက် ရှိကြသည်။
- ထိုကဲ့သို့ အသွင်ကူးပြောင်းရေးတွင် ဘဏ်များသည် ရှေ့တန်းမှ ပါဝင်ကြပြီး ဘုတ်အဖွဲ့များအနေဖြင့် ၎င်းတို့၏ အဓိက စီးပွားရေးလုပ်ငန်းတွင် သဘာဝပတ်ဝန်းကျင်၊ လူမှုနှင့် စီမံအုပ်ချုပ်မှုကဏ္ဍ (ESG) အစိတ်အပိုင်းများကို ထည့်သွင်းစဉ်းစားခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း နည်းလမ်းများကို ဂရုတစိုက် မြှင့်တင်သင့်ပါသည်။ ဘုတ်အဖွဲ့များသည် မဟာဗျူဟာကို သတ်မှတ်ရန်နှင့် အရေးအကြီးဆုံး ကိုင်တွယ်ဖြေရှင်းရမည့် ကိစ္စရပ် (Material issues) များကို အာရုံစိုက်ရန် လိုအပ်ပေသည်။ ထို့ပြင် ကောင်းမွန်ပြီး ရေရှည်တည်တံ့ခိုင်မြဲသော စွမ်းဆောင်ရည်ကို ပေးဆောင်နိုင်ရန် အမှုဆောင်အဖွဲ့များအနေဖြင့် မည်ကဲ့သို့ လုပ်ဆောင်မည်ကို ဘုတ်အဖွဲ့က စောင့်ကြည့်ရမည် ဖြစ်ပါသည်။

- သဘာဝပတ်ဝန်းကျင်၊ လူမှုနှင့်စီမံအုပ်ချုပ်မှုကဏ္ဍ (ESG) နှင့် ဆက်စပ်သော ဆုံးရှုံးနိုင်ခြေများသည် ဘဏ္ဍာရေးအဖွဲ့အစည်းများအတွက် ပို၍အရေးပါလာသည့်အလျောက် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဆိုင်ရာ ဆုံးရှုံးနိုင်ခြေများသည်လည်း အရေးကြီးလာပါသည်။ သဘာဝအရင်းအမြစ်များ ထုတ်ယူခြင်းနှင့် အချက်အလက်များ အစရှိသည်တို့သည် စီးပွားရေး၊ လုပ်ငန်းလည်ပတ်မှု ပုံစံအများစုအတွက် အရေးကြီးပေသည်။ ယနေ့ခေတ်တွင် ပန်းတိုင်များ သတ်မှတ်ပေးသည့် Planetary boundaries နှင့် Science-based targets များရှိခြင်း၊ ထို့အပြင် ကျန်းမာပြီး နေချင်စဖွယ်ဖြစ်သော ပတ်ဝန်းကျင်၊ ကမ္ဘာကြီးပေါ်တွင် နေထိုင်ရခြင်းသည် လူ့အခွင့်အရေးတစ်ရပ် ဖြစ်လာသည်ဟူသော အချက်ကို စီးပွားရေးလုပ်ငန်းများနှင့် ဘဏ်များက ယေဘုယျအားဖြင့် လက်ခံလာကြသည်။ အထူးသဖြင့် ရေရှည်တည်တံ့သော စွမ်းဆောင်ရည်များနှင့် တန်ဖိုးများကို ပေးဆောင်ရန် ESG ဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကို ချဉ်းကပ်သင့်သည်ဟု နားလည်လာကြပါသည်။
- မြန်မာနိုင်ငံသည် ကမ္ဘာကြီးပူနွေးလာမှု၏ နောက်ဆက်တွဲဆိုးကျိုးများကို အများဆုံး တွေ့ကြုံခံစားရသည့် နိုင်ငံတစ်ခုဖြစ်သောကြောင့် ESG ဆုံးရှုံးနိုင်ခြေများ၊ အထူးသဖြင့် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်သက်သည့် ဆုံးရှုံးနိုင်မှုများကို မြန်မာနိုင်ငံရှိ ဘဏ်များအနေဖြင့် ထည့်သွင်းစဉ်းစားသင့်သည်။ Germanwatch မှ ထုတ်ဝေသည့် အစီရင်ခံစာများအရ ၂၀၁၀ မှ ၂၀၁၉ ခုနှစ်အတွင်းတွင် နိုင်ငံတွင်း၌ ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များကြောင့် လူပေါင်း ၇ သန်းကျော် သေဆုံးခဲ့ပြီး အမေရိကန်ဒေါ်လာ ၁.၅ ဘီလီယံ ဆုံးရှုံးခဲ့ရသည်။ ဘဏ်များအနေဖြင့် အလုံးစုံပါဝင်ပြီး အပြန်အလှန်လေးစားမှုရှိသည့် လုပ်ငန်းခွင်များကိုလည်း ဖန်တီးသင့်သည်။ ထို့အပြင် ခိုင်မာ၊ ကောင်းမွန်သော ကော်ပိုရိတ် အုပ်ချုပ်မှု အလေ့အကျင့်များ မွေးမြူခြင်းသည် လုပ်ငန်းများကို တည်တံ့စေရုံသာမက ဘဏ္ဍာရေးဆိုင်ရာ လုပ်ဆောင်ချက်များမှ ပေါ်ပေါက်လာနိုင်သည့် ဆုံးရှုံးနိုင်မှုများကို လျော့ပါးသက်သာစေရာတွင်လည်း အထောက်အကူပြုပါသည်။ ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ၎င်းတို့၏ စီးပွားရေး လည်ပတ်မှုပုံစံတွင် ရာသီဥတုနှင့် သဘာဝဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကို ပေါင်းစပ်ခြင်းဖြင့် ပိုမိုစိမ်းလန်းသော စီးပွားရေးကို မြှင့်တင်ပေးပြီး ပိုမိုကြံ့ခိုင်မှုရှိသော လူ့အဖွဲ့အစည်းများကို ပံ့ပိုးပေးသည့်အတွက် အပြုသဘောဆောင်သော သက်ရောက်မှုများရှိပေသည်။

## သဘာဝပတ်ဝန်းကျင်၊ လူမှုနှင့် စီမံအုပ်ချုပ်မှု (ESG) သည် မြန်မာ့ဘဏ်များအတွက် အဘယ်ကြောင့် အရေးပါသလဲ။

> ဘဏ်များနှင့် ဘဏ္ဍာရေးအဖွဲ့အစည်းများသည် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကို ဂရုတစိုက် စီမံခန့်ခွဲရမည်။ ထိုသို့ မလုပ်ဆောင်ပါက ပိုင်ဆိုင်မှုတန်ဖိုးများကို ဖျက်ဆီးနိုင်ခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုအား အကန့်အသတ်ဖြစ်စေခြင်းတို့အပြင် လူသားတို့၏ အသက်အန္တရာယ်ကိုပါ သက်ရောက်မှုရှိစေနိုင်သည်။ ဗဟိုဘဏ်များသည် ၎င်းတို့၏ စီမံခန့်ခွဲမှုတွင် ပတ်ဝန်းကျင်၊ လူမှုနှင့် စီမံအုပ်ချုပ်မှု အချက်များကို ထည့်သွင်းစဥ်းစားစ ပြုလာကြသည်။ ဘဏ်များ၏ ရေရှည်တည်တံ့ခိုင်မြဲမှုသည် အောက်ပါ အရည်အသွေးများအပေါ်တွင် မူတည်နေပါသည်။
>
> ၁။ အဓိပ္ပါယ်ပြည့်ဝသည့် အကျိုးသက်ဆိုင်သူများနှင့် ထိတွေ့ဆက်သွယ်မှုတို့ကို တစ်ဖက်တွင် ဆောင်ရွက်ပြီး အခြားတစ်ဖက်တွင် စည်းမျဥ်းအသစ်များအား လိုက်နာနိုင်ရန် ၎င်းတို့၏ ESG ဆိုင်ရာ မဟာဗျူဟာတို့ကို သေချာစွာချမှတ်ခြင်း၊
>
> ၂။ တန်ဖိုးဖန်တီးမှုစက်ဝန်း (Value chain) တစ်လျှောက် အထူးသဖြင့် ဘဏ်များ၏ ရင်းနှီးမြှုပ်နှံမှုများတွင် ဆုံးရှုံးနိုင်ခြေများကို အကဲဖြတ်ရန်အတွက် ESG ကို ၎င်းတို့၏ အဓိကလုပ်ငန်းဆောင်တာများတွင် ပေါင်းစပ်နိုင်ခြင်းတို့ ဖြစ်သည်။

**ဘဏ်များနှင့် ဘဏ္ဍာရေးအဖွဲ့အစည်းများသည် ပရောဂျက်များနှင့် စီးပွားရေးလုပ်ငန်းများကို ငွေကြေးထောက်ပံ့ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေသည်။** သို့သော် ၎င်းတို့၏ လုပ်ငန်းလည်ပတ်မှုကို တည်တံ့ခိုင်မြဲစေရန် ဘဏ်များအနေဖြင့် ၎င်းတို့ ငွေကြေးထောက်ပံ့နေသော စီးပွားရေးလုပ်ငန်းများနှင့် ပရောဂျက်များသည် ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ခြင်း ရှိသည်သာမက ဆုံးရှုံးနိုင်ခြေများကို သေချာလေ့လာ ခွဲခြားစိတ်ဖြာ၍ သက်ရောက်မှု လျော့ပါးစေရန် လုပ်ဆောင်နေမှုကို သေချာစေရမည်ဖြစ်သည်။

ထို့နောက် ၎င်းတို့အနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကိုသာ အာရုံစိုက်နေလျှင် အလွန်ပင် အန္တရာယ်များပြီး ဆုံးရှုံးမှုများနိုင်သည်။ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲနိုင်မှု မရှိခြင်း၏ ဘဏ္ဍာရေးဆိုင်ရာ အကျိုးဆက် ကြီးမားမှုကို သိရှိစေနိုင်သည့် ဥပမာများစွာလည်း ရှိနှင့်နေပြီဖြစ်သည်။ ၂၀၁၀ ခုနှစ်တွင် BP သည် မက္ကဆီကို ပင်လယ်ကွေ့ရှိ ပင်လယ်ရေနက်စီမံကိန်းတွင် ရေနံယိုဖိတ်မှုအတွက် အမေရိကန်ဒေါ်လာ ၅၃.၈ ဘီလီယံ (အခွန်ငွေမပါ) အား ပေးဆောင်ခဲ့ရပြီး၊ ၂၀၁၅ ခုနှစ်တွင် Volkswagen သည် ဒီဇယ်ကား အစီးရေ ၁၁ သန်း၏ ဓာတ်ငွေ့ထုတ်လွှတ်မှုကို စိစစ်စမ်းသပ်မှုတွင် အောင်မြင်ရန် လိမ်လည်ခဲ့မှုကြောင့် ကုမ္ပဏီအနေဖြင့် အကျင့်ပျက်မှုအတွက် ယူရို ၂၇. ၄ ဘီလီယံအား ပေးဆောင်ခဲ့ရသည်။

ထို့ပြင် ကမ္ဘာ့စီးပွားရေးဖိုရမ်မှ နှစ်စဉ်ထုတ်ဝေသော Global Risks Reports အရ အရေးကြီးဆုံးသော အန္တရာယ်များမှာ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အန္တရာယ်များဖြစ်ပေသည်။ ၎င်းအန္တရာယ်များသည် မြန်မာနိုင်ငံအခြေအနေနှင့် သက်ဆိုင်သည် ထင်ပါသလား။ ထိုကဲ့သို့သော အန္တရာယ်များကြောင့် တိုင်းပြည်အတွက် နစ်နာဆုံးရှုံးမှုများမှာ မည်သည်တို့ ဖြစ်နိုင်ပါသလဲ။

**မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေးလုပ်ငန်းများ ရှိလာစေရန်အတွက် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်များကို ကောင်းမွန်စွာ စီမံခန့်ခွဲခြင်းသည် မရှိမဖြစ်လိုအပ်ပါသည်။**

- **သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်များ။** Germanwatch သည် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များကြောင့် ထိခိုက်မှု အရှိဆုံးနိုင်ငံများကို သတ်မှတ်ရန် အစီရင်ခံစာများကို ဆက်တိုက်ထုတ်ဝေခဲ့သည်။ ထိုအစီရင်ခံစာများအရ ၂၀၀၀ ခုနှစ် မှ ၂၀၁၉ ခုနှစ်အတွင်း မြန်မာနိုင်ငံသည် ပေါ်တိုရီကို ပြီးလျှင် ကမ္ဘာပေါ်တွင် ဒုတိယ ထိခိုက်မှု အရှိဆုံးနိုင်ငံ ဖြစ်သည်။ ဥပမာအားဖြင့် ၂၀၀၈ ခုနှစ်တွင် နာဂစ်မုန်တိုင်းကြီးကြောင့် ဆိုးရွားသော အကျိုးဆက်များရှိခဲ့ပြီး ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်ကျော်အတွင်းတွင် ရေအလွန်ကြီးခြင်း၊ မြေပြိုခြင်း၊ ဆိုင်ကလုန်းမုန်တိုင်း စသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဖြစ်ရပ်များ၏ အကြိမ်ရေသည် ပိုမို များပြားလာပြီး ပြင်းထန်မှုသည် ကြီးမားလာခဲ့သည်။ ၎င်းတို့၏ အကျိုးဆက်များအနေဖြင့် လူပေါင်း ၇ သန်းကျော် သေဆုံးပြီး အမေရိကန်ဒေါ်လာ ၁.၅ ဘီလီယံ ဆုံးရှုံးခဲ့သည်။ ကျွန်ုပ်တို့၏ မနက်ဖြန်များ၊ အနာဂတ်တွင် မည်သို့သော အန္တရာယ်များက စောင့်ကြိုနေပါသလဲ။

  အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ ခန့်မှန်းချက်အရ ရာသီဥတုပြောင်းလဲမှုကြောင့် ဆုံးရှုံးနိုင်မှုသည် ရာစုနှစ်အကုန်တွင် ဒေသတွင်းရှိ စုစုပေါင်းပြည်တွင်းထုတ်ကုန်၏ ၁၁ ရာခိုင်နှုန်းအထိ ရှိနိုင်ပေသည်။ ထို့နောက် ၎င်းရာသီဥတုပြောင်းလဲမှုသည် အောက်ပါပုံတွင် ဖော်ပြထားသည့်အတိုင်း အန္တရာယ်နှစ်မျိုးကို ဖြစ်ပေါ်လာစေနိုင်ပါသည်။

  - ဆိုးဝါးပြင်းထန်သော ရာသီဥတုကြောင့် မြေယာနှင့် အခြေခံအဆောက်အအုံများ ပျက်စီးခြင်းမှ ဖြစ်ပေါ်လာသော ရုပ်ဝတ္ထုပိုင်း ထိခိုက်နစ်နာနိုင်သော အန္တရာယ်များ။ ဥပမာအားဖြင့်၊ Climate Central သည် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုနှင့် ကမ်းရိုးတန်း ရေလွှမ်းမိုးမှုတို့ကို တွေ့ကြုံရနိုင်သော ဧရိယာများကို ဖော်ပြသည့် သတင်းအချက်အလက်များနှင့် ကိရိယာများကို ပံ့ပိုးပေးသည်။ ထို့ပြင် ပရောဂျက်အမျိုးမျိုး၏ အချိန်ကြာလာသည်နှင့်အမျှ ဖြစ်ပေါ်လာနိုင်သော အားနည်းချက်နှင့် မခိုင်မြဲမှုများကို အကဲဖြတ်ရန်လည်း ကူညီပေးနိုင်ပါသည်။
  - ရာသီဥတုဆိုင်ရာ မူဝါဒနှင့် ရာသီဥတုဖြစ်စဉ် ပြောင်းလဲမှုများ၏ ရလဒ်အဖြစ် စီးပွားရေး ပျက်စီးယိုယွင်းမှုများနှင့် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းအပြောင်းအလဲကြောင့် ဖြစ်ပေါ်လာသော အသွင်ကူးပြောင်းရေးကာလ အန္တရာယ်များ။ ဥပမာအားဖြင့်၊ IMF ၏ ခန့်မှန်းချက်အရ ၂°C ရည်မှန်းချက်နှင့် ကိုက်ညီမှု ရှိစေရန်အတွက် ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချရန် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုပမာဏ တစ်တန်လျှင် ၇၅ ဒေါ်လာ ကျသင့်ကြောင်း သတ်မှတ်ထားမှုသည် စီမံကိန်းများ၏ ရင်းနှီးမြုပ်နှံမှုမှ ရရှိနိုင်မည့် အမြတ်များနှင့် ပိုင်ဆိုင်မှု တန်ဖိုးများ အပေါ်တွင် သက်ရောက်မှုရှိနိုင်မည် ဖြစ်ပါသည်။ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးနှင့် သစ်တောပြုန်းတီးမှု တိုက်ဖျက်ရေးသည် မြန်မာနိုင်ငံ၏ အနာဂတ် ကောင်းမွန်ရေးအတွက် မရှိမဖြစ် အရေးပါပြီး ဘဏ်များအနေဖြင့် ထိုကိစ္စရပ်များတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်နိုင်ပါသည်။

PREVENT PLASTICS
switch asia GRANTS PROGRAMME
Funded by the European Union




၂၀၁၉ ဒီဇင်ဘာတွင် ထုတ်ဝေခဲ့သော The economic of climate, IMF မှ အချက်အလက်များကို ယူထားသည်။

- **လူမှုဆိုင်ရာ အန္တရာယ်များ။** ဥပမာအားဖြင့် အမျိုးသားနှင့်အမျိုးသမီးကြား မညီမျှမှုများသည် စီးပွားရေးနှင့် လူ့အဖွဲ့အစည်း၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် အနုတ်သဘောဆောင်သည့် သက်ရောက်မှုရှိစေသည်။ ၂၀၁၈ ခုနှစ် ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်သည့် အစီရင်ခံစာအရ ဝင်ငွေရရှိမှုတွင် ကျား၊မ တန်းတူညီမျှမှုရှိလျှင် ချမ်းသာကြွယ်ဝမှုသည် ၁၄ ရာခိုင်နှုန်း တိုးလာနိုင်ကြောင်း ခန့်မှန်းထားသည်။ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ ကျား၊ မ တန်းတူညီမျှရေး ပူးပေါင်းဆောင်ရွက်မှု အသင်း (Business Coalition for Gender Equality) သည် ပိုမိုကောင်းမွန်သော လုပ်ငန်းခွင်များ တည်ဆောက်ရန်အတွက် ကျား၊မ တန်းတူညီမျှမှုနှင့် အလုံးစုံပါဝင်နိုင်မှုဆိုင်ရာ ချဉ်းကပ်ဖွဲ့စည်းပုံတို့ကို စီးပွားရေးလုပ်ငန်းများအား ကူညီပေးရန် လုပ်ဆောင်နေပါသည်။ BCGE အား စတင်တည်ထောင်သည့် စီးပွားရေးလုပ်ငန်းများတွင် AYA Bank နှင့် KBZ Bank ဘဏ်လုပ်ငန်း နှစ်ခု ပါဝင်ခဲ့သည်။ အလားတူပင် ဘဏ္ဍာရေးမှူးများသည် ၎င်းတို့ငွေကြေးထောက်ပံ့သည့် ပရောဂျက်များ၏ အကျိုးသက်ရောက်မှုများကို ဂရုတစိုက်စစ်ဆေးမှု မရှိပါက လူကုန်ကူးမှုကဲ့သို့သော လူများအပေါ် ဆိုးရွားသည့် အကျိုးသက်ရောက်မှုများကိုပင် ဖြစ်ပေါ်စေနိုင်ပါသည်။

**အဓိပ္ပါယ်ပြည့်ဝသော ESG မဟာဗျူဟာကို ဖော်ဆောင်ခြင်းသည် ဘဏ်များအတွက် အရေးကြီးဆုံးသော အရာများထဲမှ တစ်ခုဖြစ်သည့် အကျိုးသက်ဆိုင်သူများ၏ ယုံကြည်မှုကို စီမံခန့်ခွဲရာတွင် များစွာ အကူအညီပေးနိုင်ပါသည်။** ပြတ်သားသော ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ခြင်းသည်လည်း အရည်အချင်းရှိသူများကို ကုမ္ပဏီတွင် ကြာရှည်မြဲစွာ လုပ်ကိုင်စေရန်၊ သုံးစွဲသူအသစ်များကို ဆွဲဆောင်ရန်နှင့် အကျိုးသက်ဆိုင်သူများကို အရင်းမြစ်များဟူ၍သာ မမြင်ဘဲ ပူးပေါင်းဆောင်ရွက်သူများအဖြစ် ရှုမြင်သည့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆန်းသစ်တီထွင်မှုကို မွေးမြူရန် ကူညီပေးနိုင်သည်။ ဘဏ္ဍာရေးအဖွဲ့အစည်းများ၏

ရေရှည်တည်တံ့ရေးနှင့် လူ့အဖွဲ့အစည်း၏ သာယာဝပြောရေးတို့အတွက် အဓိကအကျဆုံး အကြောင်းအရာများကို ဖော်ထုတ်ရာတွင် အကျိုးသက်ဆိုင်သူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံ၊ ဆွေးနွေးမှုရှိခြင်းသည် အရေးကြီးသည်။ သို့ဖြစ်၍ ဘဏ်များအနေဖြင့် လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တန်ဖိုးများအား ဖန်တီးပေးသည့် လုပ်ဆောင်မှုများကို လုပ်ဆောင်ရန် ရည်ရွယ်သော ပရောဂျက်များနှင့် အဖွဲ့အစည်းများကို ဦးစားပေးသင့်သည်။

**နောက်ဆုံးအနေဖြင့် အစိုးရများနှင့် ကြပ်မတ်ကွပ်ကဲသည့် အဖွဲ့အစည်းများသည် ကုမ္ပဏီများ အထူးသဖြင့် ဘဏ္ဍာရေးကဏ္ဍကို လမ်းညွှန်မှုများပေးနိုင်ရန် ESG နှင့် ပတ်သက်သည့် မူဝါဒများကို ထုတ်ပြန်လျက်ရှိကြသည်။** ဥပမာပြရမည်ဆိုလျှင် စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့ (Monetary Authority of Singapore) ပင် ဖြစ်သည်။ ၎င်းအဖွဲ့သည် ၂၀၂၀ ခုနှစ်တွင် အစိမ်းရောင်ငွေချေးစာချုပ် (Green bond) ထုတ်ပေးခြင်းနှင့် အစိမ်းရောင်နှင့် ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ ထောက်ပံ့ငွေနှင့် ချေးငွေ အစီအစဥ် (Green & Sustainability-Linked Loan Grant Scheme - GSLS) ကို ထောက်ပံ့ခဲ့သည်။ ထို့ပြင် ASEAN Capital Markets Forum (ACMF) သည် ဒေသတွင်း၌ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဘဏ္ဍာရေးကို မြှင့်တင်ရန် သီးသန့်လုပ်ငန်းအဖွဲ့တစ်ခုကို တည်ထောင်ထားပါသည်။ ထိုအဖွဲ့မှ ထုတ်ဝေခဲ့သော လမ်းညွှန်ချက်များနှင့် ကိရိယာများ (Guidelines and toolkits) တွင် အောက်ပါတို့ပါဝင်သည်။

- ASEAN taxonomy သည် ငွေအရင်းအနှီး ပံ့ပိုးသူများအနေဖြင့် ဒေသတွင်း၌ ရေရှည်တည်တံ့သော လုပ်ငန်းများကို သတ်မှတ်ပြီး ထောက်ပံ့ကူညီနိုင်ရန်အတွက် ယုံကြည်စိတ်ချရသော အမျိုးအစားခွဲခြားမှုစနစ် (Credible classification system) ကို ပေးအပ်ရန် ရည်ရွယ်သည်။
- ထို့ပြင် ASEAN အတွင်း ရေရှည်တည်တံ့သော ပိုင်ဆိုင်မှုအုပ်စု အသစ် (A new sustainable asset class in ASEAN) ကို အားပေးရန်နှင့် မြှင့်တင်ရန် တိကျသောလမ်းညွှန်ချက်များကိုလည်း ထုတ်ပြန်ထားသည်။

ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ၏ လမ်းညွှန်ချက်နှင့် ပတ်သက်၍ နောက်ထပ်ဥပမာတစ်ခုဖြစ်သည့် ဥရောပ ဗဟိုဘဏ် (European Central Bank - ECB) သည် အချို့သော အဖွဲ့အစည်းများအတွက် ရာသီဥတုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ ခံနိုင်ရည်ရှိမှု စစ်ဆေးခြင်း (Climate risk stress test) ကို နှစ်စဥ်လုပ်ဆောင်ရန် ဥပဒေကို ၂၀၂၂ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည်။

သို့သော် ဘဏ္ဍာရေးအဖွဲ့အစည်းများသည် ၎င်းတို့၏ စီမံခန့်ခွဲမှုအလေ့အကျင့်များ ခိုင်မာနေစေရေးအတွက် လုပ်ဆောင်ရန် လိုအပ်ပါသည်။ ယခုအခါ ကြပ်မတ်ကွပ်ကဲသည့် အဖွဲ့အစည်းများသည် အစိမ်းရောင် ဘဏ္ဍာရေးဆိုင်ရာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသူများနှင့် ပိုင်ဆိုင်မှုစီမံခန့်ခွဲရေးမန်နေဂျာ (Asset managers) များအကြား မည်သို့မည်ပုံ ထိတွေ့ဆက်ဆံ၊ ဆွေးနွေးမှုများရှိသည်ကို ပိုမိုနီးကပ်စွာ စောင့်ကြည့်နေကြပါသည်။ ဥပမာအားဖြင့် DWS ကုမ္ပဏီသည် ကုမ္ပဏီများ၏ စွမ်းဆောင်ရည်ကို ပိုင်းခြားစိတ်ဖြာရာတွင် ESG အချက်အလက်များကို မည်ကဲ့သို့ လွဲမှားစွာ တင်ပြနေသည် ဟူ၍ သတင်းပေးသူထံမှ စွပ်စွဲချက်ကို ဂျာမနီနှင့် အမေရိကန် အာဏာပိုင်များမှ လက်ခံရရှိပြီးနောက် DWS ကုမ္ပဏီအပေါ် စုံစမ်းစစ်ဆေးမှုကို ၂၀၂၁ ခုနှစ်တွင် စတင်ခဲ့သည်။

PREVENT PLASTICS

switchasia GRANTS PROGRAMME

Funded by the European Union

## ဘုတ်အဖွဲ့များသည် ESG ကို မည်သို့ ပေါင်းစပ်လုပ်ဆောင်နိုင်သနည်း။

ကုမ္ပဏီများ၏ လုပ်ငန်းလည်ပတ်မှုပုံစံသည် အနာဂတ်အတွက် သေချာစေရန်နှင့် ရေရှည်တည်တံ့မှု ရှိစေရန်မှာ ဘုတ်အဖွဲ့၏ အလွန်အရေးကြီးသော တာဝန်ဖြစ်ပါသည်။ အထက်တွင် ဆွေးနွေးခဲ့သည့်အတိုင်း ESG အကြောင်းအရာများကို ကောင်းမွန်စွာ စီမံခန့်ခွဲခြင်းသည် အန္တရာယ်များကို လျော့ပါးစေပြီး ပိုင်ဆိုင်မှု၏တန်ဖိုးကို လုံခြုံမှုရှိစေရန် မရှိမဖြစ်လိုအပ်ပါသည်။

ဘဏ်များ၏ လုပ်ငန်းဆောင်တာများနှင့် လုပ်ဆောင်ချက်များတွင် ESG ပေါင်းစပ်ရန်အတွက် WWF သည် မဏ္ဍိုင်ခြောက်ခုကို ဖော်ထုတ်ထားပါသည်။ မြန်မာနိုင်ငံရှိ ဘဏ်တစ်ခုစီ၏ လက်ရှိရင့်ကျက်မှုကို အကဲဖြတ်ရန်အတွက် မြန်မာနိုင်ငံရှိ အတိုင်ပင်ခံလုပ်ငန်း တစ်ခုဖြစ်သည့် Yever မှ စုဆောင်းရရှိထားသော အချက်အလက်များကို အသုံးပြုထားပါသည်။ ထိုအချက်အလက်များမှာ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် ဘဏ်များမှ အများပြည်သူ သိရှိအောင် ထုတ်ပြန်ခဲ့သည့် အချက်အလက်များအပေါ် အခြေခံထားသည်။ ရလဒ်များကို အောက်ပါဇယားတွင် အသေးစိတ်ဖော်ပြထားသည်။

| # | မဏ္ဍိုင် | အချက်အလက် |
|---|---|---|
| ၁ | ရည်ရွယ်ချက် (Purpose) | ▪ စာရင်းကောက်ယူထားသော ဘဏ်များ၏ ၇၀% သည် ၎င်းတို့၏ ရည်မှန်းချက်များကို ရှင်းလင်းစွာ ဖော်ပြထားသည်။<br>▪ သို့ရာတွင် ဘဏ်ဘုတ်အဖွဲ့များ၏ ၁၀% သာလျှင် လွန်ခဲ့သော ၅ နှစ်အတွင်း၌ ၎င်းတို့၏ ရည်မှန်းချက် ထုတ်ပြန်မှုအပေါ် ပြန်လည်သုံးသပ်ခဲ့ပြီး ၁၃% သည် ပန်းတိုင်များကို ဖော်ပြခဲ့သည်။ |
| ၂ | မူဝါဒများ (Policies) | ▪ ဘဏ်များ၏ ၁၇% သည်သာ ဘုတ်အဖွဲ့၏ အခန်းကဏ္ဍနှင့် တာဝန်များကို ရှင်းပြသည်။<br>▪ ဘဏ်များ၏ ၁၀% တွင် အကျုံးဝင်၊ သက်ရောက်မှု အတိုင်းအတာ (Scope) နှင့် စောင့်ကြည့်ရေးစနစ် ပါဝင်သည့် မတူကွဲပြားမှု (Diversity) ဆိုင်ရာ မူဝါဒ ရှိသည်။<br>▪ ဘဏ်များ၏ ၁၀% သည် သုံးစွဲသူများနှင့် ပရောဂျက်များကို စစ်ဆေးသောအခါတွင် ESG အကြောင်းရင်းများကို ထည့်သွင်းစဉ်းစားပါသည်။ |
| ၃ | လုပ်ငန်းစဉ် (Process) | ▪ ဘဏ်များ၏ ၂၀% သည်သာလျှင် ဆုံးရှုံးနိုင်ခြေများအား မည်ကဲ့သို့ စီမံခန့်ခွဲပုံကို ထုတ်ဖော်ပြသကြပြီး ၃% ကသာ သဘာဝပတ်ဝန်းကျင်၊ လူမှုရေး သို့မဟုတ် စီမံအုပ်ချုပ်မှုဆိုင်ရာ ပြဿနာများကို ဖြစ်နိုင်ချေရှိသော ဆုံးရှုံးနိုင်မှုများအဖြစ် ထည့်သွင်းစဉ်းစားသည်။<br>▪ ဘဏ်များ၏ ၇% သည် ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် ESG အား ချဉ်းကပ်ပုံတို့ကို အသေးစိတ် ဖော်ပြထားသည်။ |
| ၄ | ဝန်ထမ်းများ (People) | ▪ ဘဏ်များ၏ ၁၀% သည် ဝန်ထမ်းများအား လေ့ကျင့်သင်ကြားမှုနှင့် ပတ်သက်သော အကြောင်းအရာ များကို ဖော်ပြထားသည်။<br>▪ ဘဏ်များ၏ ၁၀% သည် မတူကွဲပြားမှု၊ အလုံးစုံပါဝင်မှုနှင့် သက်ဆိုင်သည့် လုံလောက်သော အချက်အလက်များကို ဖော်ပြထားသည်။<br>▪ မည်သည့်ဘဏ်၏ ဘုတ်အဖွဲ့တွင်မှ ESG / sustainability ဆိုင်ရာ ကျွမ်းကျင်မှုရှိသည့် ဘုတ်အဖွဲ့ဝင် ပါဝင်မှု မရှိပေ။ |

sequa

ADFIAP · Myanmar Banks Association · SMART Myanmar · WWF · Yever

PREVENT PLASTICS

switchasia GRANTS PROGRAMME

Funded by the European Union

| | | |
|---|---|---|
| ၅ | ထုတ်ကုန် (Products) | ▪ ဘဏ်များ၏ ၇% သည်သာ ESG နှင့် ပတ်သက်၍ ၎င်းတို့ထုတ်ကုန်များ၏ အကျိုးသက်ရောက်မှု အချက်အလက်အချို့ကို ဖော်ပြခဲ့သည်။ ဥပမာ၊ အသေးစား ဘဏ္ဍာရေးအဖွဲ့အစည်းများနှင့် SME လုပ်ငန်းများအား ချေးငွေများ ပေးခြင်း။ |
| ၆ | ရင်းနှီးမြှုပ်နှံမှုအစု (Portfolio) | ▪ ကာဗွန်ထုတ်လွှတ်မှု သုညရှိစေမည့် ရင်းနှီးမြှုပ်နှံမှု (Carbon-neutral portfolio) များ ရှိရန်အတွက် မည်သည့်ဘဏ်မှ ရည်ရွယ်သတ်မှတ်မထားပါ။ အလားတူပင်၊ ဘဏ်များ၏ ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်ပြီး အချက်အလက်အနည်းငယ်သာ ဖော်ပြထားပါသည်။ |

မြန်မာဘဏ်များအနေဖြင့် လက်ရှိအချိန်တွင် ESG နှင့်ပတ်သက်သည့် ကိစ္စရပ်များကို ဦးစားပေးလုပ်ဆောင်နေသည်ကို မတွေ့ရပေ။ သို့သော် ဤကိစ္စရပ်များအပေါ်တွင် ၎င်းတို့၏စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်းသည် ၎င်းတို့၏ ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများ စဉ်ဆက်မပြတ်ရှိစေရန်အတွက် အလွန်အရေးကြီးပါသည်။

MIoD MYANMAR INSTITUTE OF DIRECTORS မြန်မာဒါရိုက်တာများအင်စတီကျု

STRONGER GOVERNANCE | STRONGER INSTITUTIONS | STRONGER MYANMAR

မြန်မာနိုင်ငံရှိ ဘဏ်များအတွက် ပထမခြေလှမ်းသည် အရည်အချင်းပြည့်မီသည့် ဘုတ်အဖွဲ့ဝင်များ ပါဝင်စေရန် ဖြစ်သည်။ ဥပမာအားဖြင့်၊ ၎င်းတို့သည် မြန်မာဒါရိုက်တာများ အင်စတီကျု Myanmar Institute of Directors နှင့် လက်တွဲလုပ်ဆောင်နိုင်သည်။ ထိုအင်စတီကျုသည် ဘုတ်အဖွဲ့ဝင်များ၏ အရည်အချင်းနှင့် ကျွမ်းကျင်မှုများ တိုးတက်စေရန်အတွက် ပုံမှန်သင်တန်းများကို ပေးလေ့ရှိပြီး တစ်ခါတစ်ရံတွင် ဘဏ်များကို အဓိကထား၍ သင်တန်းများ ပေးပါသည်။ ထိုသင်တန်းများသည် ဘုတ်အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်များကို ဖွံ့ဖြိုးတိုးတက်စေပြီး MIoD ၏ပံ့ပိုးကူညီမှုနှင့် ကျွမ်းကျင်မှုများမှလည်း အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည်။

sequa

www.preventplastics.org

ADFIAP

SMART Myanmar

WWF

Yever smarter together

ထို့နောက် ဘုတ်အဖွဲ့ဝင်များ၏ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် ESG ဆိုင်ရာ ချဉ်းကပ်ပုံကို ပုံဖော်နိုင်ရန် အောက်ပါမေးခွန်းများကို ထည့်သွင်းစဉ်းစားသင့်သည်။

| မဏ္ဍိုင် | မေးခွန်းထုတ်သင့်သည့်အရာများ | ပြုလုပ်သင့်သည့် အခြင်းအရာများ |
|---|---|---|
| ရည်ရွယ်ချက် (Purpose) | မိမိကုမ္ပဏီသည် ၎င်း၏ တည်ရှိဖြစ်တည်မှု အကြောင်းရင်းနှင့် တန်ဖိုးများကို မည်သို့ ဖန်တီးနေသနည်း။ အစရှိသည်တို့ကို ကျွန်ုပ်တို့အနေဖြင့် ရိုးရှင်းစွာ တွေးတောရှင်းပြနိုင်ပါသလား။ | ▪ ကုမ္ပဏီ၏ ရည်ရွယ်ချက် (သို့မဟုတ် ၎င်း၏ ရည်မှန်းချက်နှင့် မျှော်မှန်းချက်) ကို ပုံဖော်နိုင်ရန် ကြိုးစားပါ။<br>▪ ကော်ပိုရိတ်တန်ဖိုးများနှင့် ယဉ်ကျေးမှုများ၏ အဓိပ္ပာယ်ပြည့်ဝမှုနှင့် အရေးပါမှုတို့ အကြောင်းကို ထည့်သွင်းစဉ်းစားပါ။ |
| | ကျွန်ုပ်တို့၏ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့မှုဆီသို့ ချဉ်းကပ်မှုအား ကုမ္ပဏီအတွင်းရှိ လူတိုင်းသာမက ကျွန်ုပ်တို့နှင့် အကျိုးသက်ဆိုင်သူများမှလည်း ပံ့ပိုးပေးကြောင်း သေချာစေရန် ကျွန်ုပ်တို့ ဘာလုပ်နေပါသလဲ။ | ▪ ရင်းနှီးမြုပ်နှံသူများနှင့် ကုမ္ပဏီပိုင်ရှင်များ အပါအဝင် အကျိုးသက်ဆိုင်သူများနှင့် ဆွေးနွေးဆက်ဆံမှုကို လုပ်ဆောင်ပါ။ ထိုကဲ့သို့ လုပ်ဆောင်ရာတွင် ကုမ္ပဏီ၏ ရည်ရွယ်ချက်သည် ဆွေးနွေးမှု၏ တစ်စိတ်တစ်ပိုင်း ဖြစ်သင့်သည်။<br>▪ အဖွဲ့အစည်းအတွင်း၌ ကုမ္ပဏီ၏ ရည်ရွယ်ချက်နှင့် ပတ်သက်၍ ပြောဆို၊ ဆက်သွယ်၊ ဆွေးနွေးမှုတို့ကို သေချာစွာ ကြိုးကြပ်ပါ။ ထိုဆွေးနွေးမှု၊ စကားဝိုင်းတို့တွင်လည်း တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်သင့်သည်။ |
| မဟာဗျူဟာ (Strategy) | ကျွန်ုပ်တို့တွင် ရေရှည်တည်တံ့ခိုင်မြဲစေသော မဟာဗျူဟာရှိပါသလား။ | ▪ ဘဏ်၏ ရည်ရွယ်ချက်ကို သတ်မှတ်ပြီးနောက် ဘဏ်လုပ်ငန်း ဆောင်ရွက်မှုများနှင့် ၎င်းငွေကြေးထောက်ပံ့ထားသော ပရောဂျက်များအားလုံးအတွက် ESG ကို ထည့်သွင်းစဉ်းစား၍ ဦးစားပေး လုပ်ဆောင်နိုင်စေမည့် မဟာဗျူဟာတစ်ခုအား ရေးဆွဲပါ။ |
| မူဝါဒများ (Policies) | ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် ပတ်သက်၍ ကျွန်ုပ်တို့သည် မည်သည်တို့ကို အင်တိုက်အားတိုက် ပြုလုပ်နေပါသလဲ။ ရေရှည်တည်တံ့ခိုင်မြဲမှုအား ထည့်သွင်းစဉ်းစားခြင်းမရှိလျှင် ကျွန်ုပ်တို့အား တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန် တစ်စုံတစ်ဦးမှ တွန်းအားပေးနိုင်မည်လား။ | ▪ တာဝန်သိဘဏ်လုပ်ငန်းအတွက် အခြေခံမူများ (Principles for Responsible Banking) ကို လိုက်နာပြီး UNEP-FI ကွန်ရက်တွင် ပါဝင်ပါ။<br>▪ ဆုံးဖြတ်ချက်တစ်ခုခု ချမှတ်သည့်အခါ ESG အချက်များအား ထည့်သွင်းစဉ်းစားရန် ကတိကဝတ်ပြုပါ။<br>▪ ရေရှည်တည်တံ့ခိုင်မြဲမှုကို ရည်ညွှန်းသည့် အစီအစဉ်တစ်ခုကို ထည့်သွင်းစဉ်းစားပါ။ |

PREVENT PLASTICS

switch asia GRANTS PROGRAMME

Funded by the European Union

| | | |
|---|---|---|
| မူဝါဒများ (Policies) | ရေရှည်တည်တံ့ခိုင်မြဲမှုနှင့်ပတ်သက်၍ ဘုတ်အဖွဲ့တွင် တာဝန်ရှိပါသလား။ | ▪ ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် ပတ်သက်၍ တာဝန်ရှိသော ကော်မတီတစ်ရပ် ဖွဲ့စည်းရန် သို့မဟုတ်<br>▪ ဘုတ်အဖွဲ့နှင့် ၎င်း၏ ကော်မတီများ၏ လက်ရှိအခန်းကဏ္ဍနှင့် တာဝန်များကို ရေရှည်တည်တံ့ခိုင်မြဲမှုအား ထည့်သွင်းစဉ်းစား၍ ပြန်လည်ပြင်ဆင်သင့်သည်။ |
| မူဝါဒများ (Policies) | ESG ဆုံးရှုံးနိုင်ခြေများနှင့် ပတ်သက်၍ ကုမ္ပဏီမှ မည်သည့် မူဝါဒများကို ရေးဆွဲထားသနည်း။ | ▪ ESG မူဝါဒများကို ပြန်လည်သုံးသပ်ပြီး ၎င်းတို့သည် သင့်လျော်သော စံနှုန်းများအပေါ်တွင် အခြေခံထားကြောင်း သေချာစေရန် လုပ်ဆောင်ပါ။<br>▪ မူဝါဒများသည် ကုမ္ပဏီ၏ ရည်ရွယ်ချက်နှင့် လိုက်လျောညီထွေရှိခြင်း၊ မဟာဗျူဟာများကို စွမ်းဆောင်နိုင်ခြင်းနှင့် တာဝန်ယူမှုရှိပြီး ရေရှည်တည်တံ့ခိုင်မြဲသော တန်ဖိုးများကို ဖန်တီးပေးနိုင်ခြင်း အစရှိသည်တို့ကို သေချာစေရမည်ဖြစ်သည်။ |
| လုပ်ငန်းစဉ်များ (Process) | ESG လုပ်ဆောင်နေစဉ် တစ်လျှောက် ဆုံးရှုံးနိုင်ခြေများအား အကဲဖြတ်ရန် အရေးကြီးသော အချက်အလက်များကို ကျွန်ုပ်တို့အနေဖြင့် လုံလောက်စွာ ရရှိပါသလား။ | ▪ ဘဏ္ဍာရေးနှင့် မသက်ဆိုင်သော အချက်အလက်များနှင့် အစီရင်ခံစာများ၏ အရည်အသွေး၊ အရေးပါဝင်မှုနှင့် အကြိမ်ရေတို့ကို ပြန်လည်သုံးသပ်ပါ။<br>▪ သက်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် မူဘောင်များဖြင့် ပေးထားသော သတင်းအချက်အလက်များ၏ နှိုင်းယှဉ်နိုင်မှုကို သေချာစေရမည် ဖြစ်သည်။ |
| လုပ်ငန်းစဉ်များ (Process) | ကျွန်ုပ်တို့သည် ESG နှင့် သက်ဆိုင်သော ဆုံးရှုံးနိုင်ခြေများကို မည်မျှ ကောင်းမွန်စွာ ထည့်သွင်း စဉ်းစားနိုင်ပါသလဲ။ | ▪ ESG အကြောင်းအရာများကို ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု မူဘောင်တွင် ထည့်သွင်းပေါင်းစပ်ထားကြောင်း သေချာစေရန် လုပ်ဆောင်ပါ။<br>▪ ESG နှင့် သက်ဆိုင်သည့် အချက်အလက်များကိုပါ ထည့်သွင်းစဉ်းစားရန် စာရင်းစစ်အား ညွှန်ကြားပါ။ |
| လုပ်ငန်းစဉ်များ (Process) | ကျွန်ုပ်တို့သည် အကျိုးသက်ဆိုင်သူများ၏ မျှော်မှန်းချက်များနှင့် တန်ဖိုးများကို ဖန်တီးရာတွင် ၎င်းတို့၏ မျှော်မှန်းချက်များကို ပြည့်မီစေရန် မည်သို့ လုပ်ဆောင်ရမည်ကို ဘုံနားလည်မှု ရှိပါသလား။ | ▪ အဖွဲ့အစည်း၏ ကွဲပြားခြားနားသော လုပ်ငန်းဌာနများအနေဖြင့် ၎င်းတို့၏ အဓိကအကျိုးသက်ဆိုင်သူများနှင့် ဆက်ဆံရေးကို မည်ကဲ့သို့ စီမံခန့်ခွဲသည်ကို ကြီးကြပ်ပါ။<br>▪ ကုမ္ပဏီ၏ အကျိုးသက်ဆိုင်သူများမှာ မည်သူ ဖြစ်သည်ကို သတ်မှတ်ဖော်ပြထားရန် လိုအပ်ပါသည်။<br>▪ အကျိုးသက်ဆိုင်သူများနှင့် ထိတွေ့ဆက်သွယ်မှု မူဝါဒ (Stakeholder engagement policy) ကို ပြန်လည်သုံးသပ်အတည်ပြုပြီး တိုင်ကြားမှုလုပ်ငန်းစဉ် (Grievance mechanisms) များကို ကောင်းစွာသတ်မှတ်၍ အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။ |

sequa

www.preventplastics.org

ADFIAP financing sustainable development

SMART Myanmar

WWF

Yever smarter together

| | | |
|---|---|---|
| | မည်သည့် ရေရှည်တည်တံ့ခိုင်မြဲမှု စံနှုန်းများကို ကျွန်ုပ်တို့အသုံးပြုသနည်း၊ ထို့ပြင် သတင်းအချက်အလက်များသည် အရေးပါ၍ ယုံကြည်စိတ်ချရပြီး မှန်ကန်ကြောင်း မည်မျှ အာမခံနိုင်ပါသလဲ။ | ▪ စီမံခန့်ခွဲမှုအဖွဲ့မှ ဆောင်ရွက်သော အဓိကထား ကိုင်တွယ်ဖြေရှင်းရမည့် အကြောင်းရင်းများ စိစစ်တင်ပြမှု (Materiality analysis) ကို ပြန်လည်သုံးသပ်ပါ။<br>▪ ဘဏ္ဍာရေးနှင့် မသက်ဆိုင်သော အကြောင်းအရာများကို အစီရင်ခံခြင်းစနစ် (Non–financial reporting system) အား ပြင်ပအဖွဲ့အစည်းမှ စစ်ဆေးနိုင်ရန် လုပ်ဆောင်ပါ။<br>▪ ရုံးတွင်းစာရင်းစစ်အဖွဲ့အား စီမံခန့်ခွဲမှုစနစ်၏ ခိုင်ခံ့မှုကို အကဲဖြတ်စိစစ်စေပါ။ |
| ဝန်ထမ်းများ (People) | ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် သက်ဆိုင်သော အရည်အချင်းပြည့်ဝမှုအား မည်သည့် ဘုတ်အဖွဲ့ဝင်တွင် တွေ့ရသနည်း။ | ▪ ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် ပတ်သက်၍ ဘုတ်အဖွဲ့ကို ပံ့ပိုးကူညီရန် သက်ဆိုင်ရာ ကျွမ်းကျင်မှုရှိသော ဒါရိုက်တာ အနည်းဆုံး တစ်ဦးကို ခန့်အပ်၍ ၎င်းအကြောင်းအရာနှင့် ပတ်သက်၍ စီမံခန့်ခွဲမှုအား တာဝန်ပေးပါ။<br>▪ ESG နှင့် ပတ်သက်၍ ဘုတ်အဖွဲ့နှင့် ထိပ်တန်းစီမံခန့်ခွဲမှု အဖွဲ့ကို လေ့ကျင့်သင်ကြားမှုများပေးပါ။<br>▪ ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ ကျွမ်းကျင်မှုများစွာရှိသော ဘုတ်အဖွဲ့ဝင်တစ်ဦးကို ခန့်အပ်ပါ။ |
| | ကျွန်ုပ်တို့၏ မဟာဗျူဟာသည် ရေရှည်တည်တံ့နိုင်မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ၊ အခွင့်အလမ်းများနှင့် မည်ကဲ့သို့ လိုက်လျောညီထွေဖြစ်ကြောင်း ပြနိုင်သော ရှင်းလင်းသည့် ထုတ်ပြန်ချက်တစ်ခု (A clear message) ရှိပါသလား။ | ▪ အကျိုးသက်ဆိုင်သူများ၏ လိုအပ်ချက်များအပေါ် အခြေခံ၍ ပြောဆို၊ ဆွေးနွေး၊ ဆက်သွယ်ရေးဗျူဟာတစ်ခုကို ချမှတ်ပါ။ အဓိပ္ပါယ်ပြည့်ဝပြီး အသုံးဝင်သော ဖော်ထုတ်တင်ပြမှု (Disclosure) ကို ဦးစားပေး လုပ်ဆောင်ပါ။<br>▪ ထိုဖော်ထုတ်တင်ပြမှုတို့သည် အရေအတွက်အားဖြင့် နည်းနေနိုင်သော်လည်း ယုံကြည်မှုပြည့်ဝသည့် ဆက်ဆံရေးများ တည်ဆောက်ရာတွင် များစွာ အထောက်အကူပြုနိုင်သည်။ |
| | ESG အကြောင်းအရာများနှင့် ဆက်စပ်သော စွမ်းဆောင်မှုများအတွက် မည်သို့သော အကျိုးခံစားခွင့်များအား ပေးသင့်ပါသနည်း။ | ▪ ဘဏ္ဍာရေးနှင့် ESG အစိတ်အပိုင်းများကို အားပြုလုပ်ဆောင်သည့် စီမံခန့်ခွဲမှုအဖွဲ့အတွက် လစာပေးချေမှု စနစ်တစ်ခု (Remuneration scheme) ကို ရေးဆွဲပါ။ |
| ထုတ်ကုန်များ (Products) | ကျွန်ုပ်တို့ဖောက်သည်များ၏ ပရောဂျက်များကို နားလည်ရန်နှင့် စစ်ဆေးရန် ESG စံနှုန်းများကို မည်ကဲ့သို့ ကောင်းစွာ အသုံးပြုနေသနည်း။ | ▪ သင်၏ Know Your Customer (KYC) လုပ်ငန်းစဉ်ကို ပြန်လည်သုံးသပ်၊ ပြင်ဆင်ပြီး အကောင်းဆုံးဖြစ်အောင်လုပ်ပါ။<br>▪ National Green Finance Guideline ကို အသုံးပြုပါ။<br>▪ ကာဗွန်ထုတ်လုပ်မှု နည်းသော ထုတ်ကုန်များနှင့် ဖြေရှင်းနည်းများဆီသို့ အသွင်ကူးပြောင်းမှုကို မြှင့်တင်ရန် ချေးငွေအသစ်များ ဖန်တီးပါ။ |

| ရင်းနှီးမြှုပ်နှံမှုအစု (Portfolio) | ရာသီဥတုပြောင်းလဲမှုကို ၂°C အောက်တွင် ထိန်းသိမ်းထားရန် ပန်းတိုင်များနှင့် ဘဏ်၏ ရင်းနှီးမြှုပ်နှံမှုများ ကိုက်ညီမှုရှိပါသလား။ | ▪ ဘဏ္ဍာရေးဆိုင်ရာကဏ္ဍအတွက် Science Based Targets Initiative နှင့် Task Force on Climate-related Financial Disclosures တို့မှ လမ်းညွှန်ချက်များကို ထည့်သွင်းစဉ်းစား၊ လိုက်နာခြင်းဖြင့် ဘဏ်များသည် ၎င်း၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းများဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ပတ်ဝန်းကျင်ကို ပုံဖော်နိုင်ရန် ပံ့ပိုးကူညီနေမှုကို ရှင်းပြနိုင်မည် ဖြစ်သည်။ |
|---|---|---|

## အသုံးပြုနိုင်သည့် ကိရိယာများ

- ASEAN Corporate Governance Scorecard
- ASEAN Green Taxonomy
- Coastal Risk Screening Tool
- Fair Finance Methodology
- IFC - FIRST
- Taskforce on Nature-related Financial Disclosures
- IFC Toolkit for disclosure
- Science Based Targets Initiative
- SUSBA
- Task Force on Climate-related Financial Disclosures
- Workplace Gender Equality Agency

## အသုံးပြုနိုင်သည့် အရင်းအမြစ်များ


- ASEAN, Sustainable Finance.
- Catalyst, Why Diversity and Inclusion Matter, 2020
- FT, Climate capital series.
- Germanwatch, Global Climate Risk Index, 2021
- IFC, Myanmar Corporate Governance Scorecard, 2019
- IMF, The Economics of Climate, 2019
- MCRB and Yever, Pwint Thit Sa report, 2020
- World Bank, Unrealised potential: the high cost of gender inequality, 2018
- World Economic Forum, Global Risks Report, 2022
- WWF, Reports focused on the banking sector in the ASEAN region.
- WWF, Seeing the forest for the trees - a practical guide for financial institutions to take action against deforestation and conversion risks, 2022
- Bain & Company, Temasek and Microsoft, Southeast Asia's Green Economy 2022 Report